


စိုးမိုး စာပေ

လုံးချင်းဝတ္ထုသစ်

# မြူလဲချယ်

အရင်ဦးဆုံး ချစ်သူ

L လင်း

# အခန်း(၁)

'ဟိတ်'

'အား'

'ဟာ'

သံစုံမြည်သွားတာက တသက်ချစ်နားကပ်ကပ်လေးက ဖြစ်သည် ။ တအံ့တသြနှင့် ဘာလဲဆိုသည့် အထာနှင့် တသက်ချစ်လှည့်အကြည့် မြင်လိုက်ရသည့် မြင်ကွင်းကြောင့် တသက်ချစ်နှုတ်ဖျားမှ ဟယ်ခနဲ အသံထွက်သွားသည် ။ တသက်ချစ်နောက်နားကျကျမှာ ယောကျ်ားလေး တစ်ယောက်ကို လက်ပြန်လိမ်ချိုးထားသော တသက်ချစ်နဲ့ ရွယ်တူ မိန်းကလေးတစ်ယောက်။ တသက်ချစ် လှည့်ကြည့်တာမြင်တော့ လက်ပြန်လိမ်ခံထားရသည့် လူက ထအော်သည် ။

'မင်း ဘာလုပ်တာလဲကွ၊ ငါ့လက်ကို လွှတ်'

'အော်မနေနဲ့ ၊ ယောကျ်ားကြီး ဖြစ်ပြီး ခြေလက်အကောင်းနဲ့ မိန်းကလေးတစ်ယောက်ဆီက ပိုက်ဆံကို အချောင်လိုချင်တာ မရှက်ဘူးလား'

ရန်းကန်နေသူကို ခပ်တင်းတင်း ဖိချုပ်ထားရင်း ပြန်မေးလိုက်သံက ခပ်မာမာမို့ တစ်ဖက်က ဘာသံမှ ထွက်မလာ။ ရုန်းရင်းချုပ်ခံထားရသော ကောင်လေးက ရင်ကော့ကော့ နာကျင်သော မျက်နှာနှင့် လိမ်တွန့်နေသည် ။ တသက်ချစ် တစ်ချက်ကြည့်ပြီး သူများ ပြဿနာကို ကြာရှည်

စိတ်မဝင်စားဘဲ လပ်ဂေ့(ချ်)ကိုင်းကို ဆွဲထုတ်၍ တက္ကစီငှားရန် မျှော်အကြည့်...

'ဟိတ်... နေဦး'

နောက်ပါးဆီမှ ခေါ်သံကြောင့် တသက်ချစ် လှည့်ကြည့်လိုက်တော့ ခါးပိုက်နှိုက်ဟု ထင်ရသောလူကို ဖမ်းချုပ်ထားသည့် တသက်ချစ်နှင့် ရွယ်တူ မိန်းကလေးနှင့် အကြည့်ချင်းဆုံသွားသည် ။

'တို့ ကို ခေါ်တာလားဟင်'

တသက်ချစ်နှုတ်ဖျားလေးကမေးရင်း မျက်ဝန်းအကြည့်တွေက တော့ ကျွဲကော်ကိုင်းတပ် လေးထောင့်ကျကျ မျက်မှန်အောက်မှာ ဘာကိုမှ နားမလည်သလို ဝိုင်းဝိုင်းစက်စက်။ အခုချိန်ထိ ကောင်လေးကို ချုပ်ထားဆဲ ကောင်မလေးက ခရမ်းနုရောင် မျက်မှန်ကိုင်းကို တစ်ဖက်မှ ဆွဲဖြုတ်တော့ ခရမ်းရောင် စိုအိအိမျက်ခွံနှင့် ကော့ရော့ပြန်တက်နေသော မျက်တောင်တွေ ဝန်းရံထားသည့် မျက်ဝန်းအလှကို တသက်ချစ် တွေ့လိုက်ရသည် ။

'လှလိုက်တာဟယ်'

တသက်ချစ်စိတ်ထဲ ပြောရင်း သူမအလှမှာ ရုတ်တရက် နစ်မျောသွားပေမဲ့ တစ်ဖက်က တသက်ချစ်အကြည့်ကို မနှစ်သက်သလို မျက်ခုံးနှစ်ခုကို ဆတ်ခနဲ ကွေးပစ်ရင်း...

'ဟုတ်တယ်၊ ယူ့ကို ခေါ်တာ၊ ကိုယ့်အိတ်ကို ပြန်ကြည့်လိုက်ဦး'

'အိတ်ကို'

ခေါင်းညိတ်အပြ နားတွင် ဆွဲထားသော ပလက်တီနမ် နားကွင်း အဝိုင်းကြီးတွေက နေရောင်မှာ လက်ခနဲခါသည် ။ တသက်ချစ်က လပ်

ဂေ့(ချ်)အပါအဝင် ပခုံး၌ လွယ်ထားသော လည်သာအိတ် အညိုနုရောင်ကို ငုံ့အကြည့်…

‘ဟယ်… ဒီမှာ ’

တသက်ချစ်နှုတ်ဖျားက ဒါပဲ ပြောနိုင်သည် ။ တသက်ချစ် ပခုံးလွယ်အိတ်မှာ ဓားရာကို အလန့်တကြားကြည့်ပြီး တစ်ဖက်လှမ်းအကြည့်…

‘ဒီလူ ခွဲလိုက်တာလေ’

‘ရော့ ပိုက်ဆံအိတ်’

‘ဘုတ်’

အခုမှ တစ်ဖက်မှ လှမ်းပစ်ပေးလိုက်သော တသက်ချစ် ပိုက်ဆံအိတ်ကို ဖမ်းယူလိုက်ရင်း ခါးပိုက်နှိုက်ကောင်လေးကို လက်ပြန်လိမ်ချိုးပြီး ချုပ်ထားတာ ဘာကြောင့်ဆိုတာ သဘောပေါက်သွားသည် ။ ကောင်လေးရဲ့ ကျောနောက်ဘက်က ဆွဲထုတ်ပြီး တသက်ချစ်ကို ပစ်ပေးလိုက်တာ တသက်ချစ်ရဲ့ လေးထောင့်ရှည်ရှည် ပိုက်ဆံအိတ် ဖောင်းဖောင်းလေး။

‘တကယ်ပဲ… ကျေးဇူးနော်၊ တော်ပါသေးရဲ့ ၊ ပြန်ရလို့ ’

တသက်ချစ်က အိတ်ကို ရင်ဘတ်ထဲ ထည့်ပြီး ဝမ်းသာအားရ ဖြစ်နေချိန်မှာ သူမက ချုပ်ထားသော ကောင်လေးကို ဆောင့်တွန်းပစ်ရင်း…

‘သွား… နောက်တစ်ခါဆို ရဲစခန်း ငါ အရောက်ပို့မှာ ၊ မယုံမရှိနဲ့ ’

သူမထံမှ ကြိမ်းဝါးသံကို နားထောင်ပြီး ကောင်လေး လှစ်ခနဲ ပြေးထွက်သွားသည် မှာ နောက်ကိုပင် တစ်ချက်လှည့်မကြည့်။ အခုမှ တစ်ကိုယ်လုံးအလှကို ရှင်းလင်းစွာ မြင်တွေ့ခွင့်ရသော တသက်ချစ်က သူ့ရဲ့

ကယ်တင်ရှင်ကို သေချာကြည့်မိသည် ။ ခရမ်းရင့်ရောင် အသားကပ် ဘောင်းဘီပေါ် ခရမ်းဖျော့ရောင် ခါးနားမှ ကားထွက်သွားသော ဂါဝန် တိုတို ထပ်ဝတ်ထားပြီး ထိုပေါ်မှ ခရမ်းရင့်ရောင် ဝေ့(စ်)ကုတ်တစ်ထပ် ဝတ်ထားသည် ။ နှုတ်ခမ်းနီနှင့် မျက်မှန်ကအစ ခရမ်းရောင်အနွယ်မို့ ကြည့်လိုက်တာနှင့် ဖက်ရှင်ကျမှန်း တန်းခနဲ သိသာစေသည့် အပြင်အ ဆင်မျိုး။

'တသက်ချစ်... တကယ် ကျေးဇူးတင်ပါတယ်၊ ဒီအိတ်ထဲမှာ ပိုက်ဆံ ထက် အရေးကြီးတာတွေ ပါနေတော့'

'နောက်တစ်ခါ ဒါမျိုးမဖြစ်ချင်ရင် သတိထားပေ့ါ'

တသက်ချစ် ဘာမှ မပြောရသေးခင် နေရာက ချာခနဲ လှည့်ထွက် သွားပုံကအစ တကယ့်ကို လှလှပပ။ စတိုင်ကျကျ။ တသက်ချစ် သတိလ က်လွတ်ငေးပြီးမှ သတိရသွားကာ...

'ဟိတ်... နာမည် ပြောသွားဦးလေ၊ ဒီက တသက်ချစ်တဲ့ ၊ ယူ့နာမည် ကရော...'

တသက်ချစ် အသံမြှင့်ပြီး လှမ်းအော်ပေမဲ့ သူမ ကျောခိုင်းရက်နှင့် နောက်ကို တစ်ချက် လှည့်မကြည့်ဘဲ လက်တစ်ဖက် မြှောက်ပြကာ...

'နောက် ကြုံမှ ပေ့ါ'

ဒါပဲပြောပြီး ဆက်လျှောက်သွားသည့် ပုံရိပ်က လှသည် ။ ခရမ်းရောင်ပုံရိပ်လေးကို ငေးကြည့်နေတုန်း တသက်ချစ်နားကို တက္က စီးတစ်စီး လျှောခနဲ လာရပ်ရင်း...

'ဘယ်သွားမလို့ လဲ ကလေးမ'

တသက်ချစ်ရဲ့ အာရုံက ကယ်တင်ရှင်ထံမှ မျှော်တိုင်းမလာဘဲ မခေါ်

မှ ရောက်လာသော တက္ကစီထံ ရောက်သွားပြီး…

‘လှည်းတန်း သွားမလို့၊ ဘယ်လောက်ပေးရမလဲ’

‘ရှစ်ထောင်ပဲ ပေးပါ’

‘ဟယ်… များ လိုက်တာ’

‘မများ ပါဘူး၊ သွားနေကြ ဈေးပဲ ကလေးမ၊ ငါးရာလျှော့ပေးမယ်’

တသက်ချစ် နှုတ်ခမ်းလေးဖိကာ ခဏ စဉ်းစားရင်း…

‘အင်းလေ… ပြီးရော’

‘ဟော့… မပြီးဘူး’

‘ဟင်’

တသက်ချစ် စီးမယ့်တက္ကစီကားနောက်မှာ ထိုးရပ်လာသည့် ကားထဲက ခေါင်းပြူအော်လိုက်သူကို လှမ်းအကြည့်

‘ဟင်’

စောစောက တသက်ချစ်ကို ကူညီခဲ့သည့် ခရမ်းရိပ်။

‘ဒီလမ်းနဲ့ လှည်းတန်း ငါးထောင် ဂိတ်ဆုံးပဲ’

‘အယ်… တကယ်’

အံ့အားသင့်လျက် မယုံသလို ပြန်မေးရင်း တသက်ချစ် တက္ကစီ ဒရိုင်ဘာဆီ တစ်ချက်လှည့်ကြည့်သည် ။

‘ကဲ… ဦးလေး၊ ငါးထောင်တဲ့၊ ပြောတာကြားလား’

နောက်ကြည့်မှန်မှ ဒရိုင်ဘာက သူ့စီးပွားကို ဝင်ဖျက်ရပ့ါမလားဆိုသည့် အကြည့်နှင့် ခရမ်းရိပ်ကို လှမ်းကြည့်သည် ။

'မရရင် မငှားနဲ့၊ ဒီကိုလာ၊ လမ်းကြုံတယ်၊ အလကားစီးသွား'

'ကဲ... တက်... တက်... ကလေးမ'

နောက်ကားပေါ်မှ ခရမ်းရင့်က မျက်နှာထားတင်းတင်း၊ လေသံမာမာနှင့် လှမ်းပြောတော့မှ ဒရိုင်ဘာကြီးက ပျာပျာသလဲ ကားတံခါးကို သူကိုယ်တိုင် ဖွင့်ပေးပြီး တသက်ချစ်ကို ကားပေါ်တက်ခိုင်းသည်။

'ကျေးဇူးပဲ'

တသက်ချစ် နောက်ကားပေါ်က ခရမ်းရင့်ရောင် ဝတ်စုံနှင့်သူမကို လှမ်းပြောတော့ သူမက ခေါင်းကို ဆတ်ခနဲအညိတ် နားကွင်းတွေ လက်ခနဲခါသွားတာ သူမစတိုင်လား ဘာလားမသိ။ တသက်ချစ် တက္ကစီကားပေါ် လှမ်းအတက်မှာ သူမကားလေးက တသက်ချစ် တက္ကစီနား ဝေါခနဲဖြတ်ကျော်တက်သွားသည်။

'ဟော့... မှတ်ထားဦး၊ တို့က ခရမ်းရင့်'

'ဟယ်'

တသက်ချစ် လျှို့ဝှက်ပေးထားသည့် နာမည်နှင့် သူမနာမည် တစ်ထပ်ထဲဖြစ်နေတာ အံ့သြနေတုန်း ခရမ်းရင့်က လက်တစ်ဖက်မြှောက်ပြီး တသက်ချစ်ကို နှုတ်ဆက်သွားသည်။

'ခ... ရမ်း... ရင့်'

တသက်ချစ်နှုတ်ဖျားက ထိုအမည်လေးကို ရေရွတ်ရင်း စိတ်ထဲမှာ လေးနက်စွာ စွဲထင်သွား၏။

***

# အခန်း(၂)

'ဟား... ခုမှ ပဲ လောကကြီးက ပိုပြီး အသက်ဝင်သွားတယ်ကွာ၊ တကယ်ပဲ'

'ဘာလဲ၊ ခရမ်းရင့်ကို တွေ့လိုက်ရလို့ မဟုတ်လား'

'နာမည်နဲ့ လိုက်တယ်ကွာ၊ ဝတ်ထားသမျှ အရောင်တွေအားလုံး ခရမ်းရင့်တွေချည်းပဲ'

တစ်ဝိုင်းတည်းထိုင်နေသော သူငယ်ချင်းတွေထံမှ ထွက်လာသော မှတ်ချက်ထဲမှာ ကမ္ဘာ့ အသံမပါ။ ဒါကို မနေနိုင်တဲ့ တိုင်းကျော်က...

'ပါးစပ်ကြီး ပိတ်မနေနဲ့ ကမ္ဘာ'

'ဘာကိုလဲ'

'ခရမ်းရင့်လေ'

'ဘာဆိုင်လို့ လဲ'

ကမ္ဘာထံမှ ခပ်ဆတ်ဆတ်လေသံကြောင့် တိုင်းကျော် ပခုံးတွန့်လိုက်သည် ။ ကမ္ဘာသစ်ဆိုတာ အဲဒီလိုကောင်မျိုး။ စိတ်မဝင်စားရင် အသက်တောင် မရှူချင်ဘူးဆိုတဲ့ လူစားမျိုး။

'ငါ အခုအချိန်ထိ အသက်ရှူနေတာ အောက်ဆီဂျင်ကို စိတ်ဝင်စားလို့ ကွ'

ကမ္ဘာသစ်စတိုင်လ်က ဘယ်သူနဲ့ မှ မတူ။ သူ စိတ်ဝင်စားခြင်းခံရတဲ့ အောက်ဆီဂျင်တောင် ဝမ်းသာအားရ ထဂျွမ်းထိုးရမယ့်ပုံ။ ပြည့်စုံက တော့ တိုင်းကျော် ပါးစပ်ပိတ်သွားတာကို မကြည့်ရက်စွာနဲ့ ...

'မင်း... မမြင်တာလား၊ ဒီရှေ့မှာ တင် ဖြစ်ပျက်သွားတာ၊ ပြီးတော့ ဒီ လောက် ကွဲပြားနေတဲ့ ဒီဇိုင်းနဲ့ ဒီနှစ်ယောက်ကို

'ကမ္ဘာက စီးကရက်တိုကို ပြာခွက်ထဲ ထိုးချေရင်း...

'ပုံစံကိုက မူကြိုပုံစံဆိုတော့ ဒီလိုဖြစ်တာတောင် နည်းသေးတယ်'

'ခရမ်းရင့်က ဝင်ကူတာလဲ ထည့်ပြောဦးလေ'

'ဘာပြောရမှာ လဲ၊ သူ့ကိုယ်သူ ဆရာကြီးအထာသုံးချင်လို့ နေမှာ ပေ့ါ'

'သွားမယ်'

ကမ္ဘာထံမှ အမြင်မကြည်သော မျတ်ချက်ချသံနှင့်အတူ နေရာက ထ ထွက်သွားသည့် ကမ္ဘာသစ်မျက်နှာပေါ်မှာ နေရာမျက်မှန်တစ်လက်က အမြဲနေရာယူထားလေ့ ရှိသည် ။ ဒါကြောင့်လည်း ကမ္ဘာသစ်နှင့် ပတ်သ က်ဖူးသော မိန်းကလေးတွေက...

'ဘယ်လိုလဲ ကမ္ဘာ၊ ချစ်သူနဲ့ ချိန်းတွေ့တဲ့ အချိန်မှာ တောင် မျက်မှတ် တပ်ထားတာ ဘာဖြစ်လို့ လဲ၊ ဘာလဲ... ယူ့ ရင်ထဲက စကားတွေကို ယူ့မျ က်ဝန်းကတစ်ဆင့် ဖတ်တတ်သွားမှာ စိုးလို့ လား'

ကမ္ဘာသစ် မငြင်းဘဲ မျက်မှန်ကို ဆွဲချွတ်ပြီး သူ့မျက်နှာကို မေးလာသူ ရှေ့ကို နီးကပ်စွာပြရင်း...

'ဖတ်တတ်ရင် ကိုယ့်မျက်ဝန်းကို မင်း ဖတ်ပါ၊ ကိုယ့်နှလုံးသားက မျ

က်နှာများ ချင်တာ မင်းသိရင် ဝမ်းနည်းမသွားဖို့ ပဲ အရေးကြီးတယ်'

မထိတရိ ရယ်မောလိုက်ပုံကို ကြည့်ကာ ကြားရသသူကတော့ မချိပြုံး ပြုံးသွားသည် ။ ဒါကြောင့် ကမ္ဘာသစ် ပတ်ဝန်းကျင်မှာ နာမည်ထွက်တာက ကမ္ဘာသစ်ဆိုတာ ပန်းခြေဘီလူး။

'ခြေရမှာ ပင်ပန်းလို့ မခြေပါဘူး၊ သူ့အလိုလို ရင်ခွင်ထဲ ကြွေကျလာတာတွေ'

ကမ္ဘာသစ်ပြောလို ကမ္ဘာသစ်နားမှာ ချစ်သူရည်းစားတွေ ဝိုင်းဝိုင်းလည်နေတာ ဒီနေ့အထိ။ ကမ္ဘာသစ်လို နာမည်ကြီး စိတ်ဝင်စားခံရသူက ခရမ်းရင့်။ ဒီအဝေးပြေးကားဝင်းထဲ ကားဆိုက်ကတည်းက ကမ္ဘာသစ်မြင်ကွင်းထဲ တန်းဝင်လာတာက ခရမ်းရင့် ကူညီလိုက်သည့် ထို သူကြီးသမီး ပုံစံအပြည့်နှင့် သူမ။

'မူကြိုဆိုပေမဲ့ ဝတ်ပုံစားပုံက သူ့ဟာသူတော့ မဆိုးပါဘူး၊ ခရမ်းရင့်နဲ့ ယှဉ်လိုက်မှ ပဲ

'ခရမ်းရင့်နဲ့ မယှဉ်နဲ့ လေ၊ ဟိုက ဆရာကြီး'

'အေးလေ… ပုံစံကိုက မူကြိုအင်္ကျီဒီဇိုင်းနဲ့ '

ကမ္ဘာသစ် သူငယ်ချင်းသုံးယောက်ထံမှ ဝေဖန်ရေးမြွားဦးက ခရမ်းရင့်အကြောင်း မဟုတ်ဘဲ လမ်းကြောင်းပြောင်းသွားသည် ။ ကမ္ဘာသစ်လက်ထဲ စီးကရက်ကို ထုတ်မီးညှိပြီး ရှိုက်အဖွာမှာ မီးခိုးငွေ့တန်းနှင့်အတူ အူတူတူပုံရိပ်က ပေါ်လာ၏။ အောက်ခံအဖြူရောင် အင်္ကျီက ကော်လံနှင့် လက်မောင်းပေါ် ကြိုးသိုင်းစကဒ်က ရင်ရှေ့မခံနှင့် ခါးအောက်နားကားကားကို အဖြူခံပေါ် ပန်းပွင့်ပန်းဆီဒီဇိုင်းနဲ့ …။ စကဒ်က ဒူးဖုံးမို့ ခြေမျက်စိအထက်နားမှာ ဇာနားတပ်ခြေစွပ်အဖြူက ဖားဖားကားကား

။ ဟပ်(ဖ်)ရှူးက အနက်။ ကျောလယ်သာသာ ရှိမည့် ဆံပင်တွေကို အလယ်ခွဲပြီး နှစ်ဖက်စည်းထားသည် ။ ပြီးတော့ ပါးကွက်ထူထူ။ ကျွဲကော်ကိုင်းမျက်မှန်နှင့် နှုတ်ခမ်းကျတော့ အနီရောင်ရဲရဲဆိုးထားတော့ ဇီးကွက်ကို နှုတ်ခမ်းနီ ဆိုးပေးထားတာနှင့် ဆင်ဆင်တူသည် ။ တစ်ကိုယ်လုံး ဆင်ယင်လာသမျှ မထော်မနန်းကိုမှ စတိုင်ကျလှပသော ခရမ်းရင့်နှင့်အတူ တွဲတွေ့ရတော့ အားလုံးဆန့်ကျင်ဘက်ဖြစ်သွား၏။

'ခရမ်းရင့်က သူရကို ဒီနေ့ပဲ ဖြတ်တာတဲ့ '

'ဖြစ်ရမယ်လေ၊ ခရမ်းရင့်နားမှာ ကောင်းကင်ဆိုတဲ့ ကောင်က သူ့အတွက် အဆင်သင့်ရှိနေတာ၊ ဘာဆန်းလဲ'

'သူရဆိုတဲ့ ကောင်ကလဲ ခရမ်းရင့်ကို အသည်းခွဲမယ်၊ ကလဲ့စားချေမယ် ဘာညာနဲ့ '

အပြောကြီးကြီးပြောပြီး အခုတော့ သူပဲ ကျန်ရစ် ဖြစ်သွားပြီ။

'ခရမ်းရင့်ကွ... တခြားသူမှ မဟုတ်ပဲ'

'အပြောကြီးတဲ့ ကောင် ခံပေါ့'

'မင်းတို့ နေခဲ့မလား'

'ငါတော့ လစ်ပြီ'

ကမ္ဘာသစ်က ပြောလဲပြော၊ နေရာက ဆတ်ခနဲ ထတော့ အကျင့်ပါနေတဲ့ လက်က စီးကရက်ဗူး၊ ဖုန်းနဲ့ ကားသော့ တစ်ခါတည်း ဆွဲချသွားသည် ။

'ဟာ... ဟေ့ကောင် ကမ္ဘာသစ်၊ နေဦးလေ'

'ဘာလဲ'

‘မင်းနဲ့ ပပ ချိန်းထားတာ မဟုတ်လား’

‘အေးလေ၊ ဟိုက မလာဘဲ ထပြန်နိုတော့’

‘သူ ချိန်းထားတဲ့ အချိန်က ပြီးသွားပြီကွ၊ ငါးမိနစ်တိတိ စောင့်ပြီးပြီ’

ကမ္ဘာ့စကားကြောင့် သုံးယောက်သား နာရီကို အသည်းအသန်ကြည့်ကာ…

‘ငါးမိနစ်ပဲ စွန်းသေးတာပါကွ၊ မင်းကလဲ’

‘ဘာဖြစ်ဖြစ် စောင့်ပါဦး ကမ္ဘာရယ်၊ တော်ကြာ ပပ လာနေရင် အားနာစရာ’

‘ငါ့ကို မတွေ့ရင် သူ ပြန်သွားမှာ ပါ၊ ကန်ဘောင်မှာ ကြည်သာနဲ့ ငါ ချိန်းထားတာ ရှိသေးတယ်’

‘မင်းကတော့ လုပ်ပြီ၊ တစ်ရက်ထဲ ဟိုမှာ တစ်ယောက် ဒီမှာ တစ်ယောက်’

‘မလိုက်ချင်နေခဲ့ကွာ၊ သွားပြီ’

‘ငါတို့ ပါ လိုက်ခဲ့မယ် ကမ္ဘာသစ်’

ရှေ့က ဦးဆောင်ထွက်သွားသည့် ကမ္ဘာ့နောက်ပြေးလိုက်လာသည့် ခြေလှမ်းတွေက ဝရုန်းသုန်းကား။ သူတို့ အားလုံး ကမ္ဘာသစ်ကားနား မရောက်ခင်တင် အဝေးပြေးဝင်းထဲ တရှိန်ထိုးကွေ့ချလာတဲ့ မာ့(ခ်)တူးရွှေအိုရောင်ကို လှမ်းမြင်လိုက်ရ၏။ ယေလက ကားတံခါး ဆွဲဖွင့်လိုက်ဟန်ပြင်နေသော ကမ္ဘာလက်ကို ဖမ်းဆွဲရင်း…

‘ဟိုမှာ လာနေပြီ ကမ္ဘာသစ်’

ဝေလ စကားမဆုံးခင်မှာ ရွှေအိုရောင်ကားက ကမ္ဘာသစ် ကားနား

ကို ဝေါခနဲ လာရပ်သည် ။ ပြီးမှ တံခါးပိတ်သံ၊ ခွာမြင့်ဖိနပ်သံတွေက စည်းချက်ညီညီ ကြားရပြီးနောက် လူ မရောက်ခင် နာမည်ကြီး ရေမွှေးနံ့က သူတို့ ထံ ဝေ့ခနဲ အရင် နှုတ်ဆက်သည် ။

'ဒါ... ပြန်တော့မလို့ လား ကမ္ဘာ'

'မြင်တဲ့ အတိုင်းပဲ'

ကားတံခါးကို ကျောနဲ့ မှီရပ်ရင်း ကမ္ဘာက သူ့ပုံစံအတိုင်း အေးစက်စက်မျက်နှာနှင့် ခေါင်းညိတ်တော့ ကျန်တဲ့ ကောင်တွေ ဖျားကုန်သည် ။ အခုမှ တွေ့ဖို့ ချိန်းတဲ့ ရည်းစားကို ပြောပုံက လုံးဝ ဂရုမစိုက်တဲ့ လေသံနဲ့ ။

'ဆောရီး... ကမ္ဘာရယ်၊ ပပ နည်းနည်း အလုပ်ရှုပ်သွားလို့ ၊ ညှော်သည် ကားက နောက်နာရီဝက်နေမှ ဆိုက်မှာ လေ၊ အဲဒါကြောင့် ကမ္ဘာနဲ့ လဲ တွေ့ရအောင်၊ ဟည့်သည် လဲ ကြိုရဆိုပြီးတော့...'

'တူးအင်ဝမ်း လုပ်တာပေါ့'

'ဒါကတော့'

'ဆောရီး... အလုပ်ကိုသာ ဖြောင့်ဖြောင့်လုပ်တော့ ပပ'

'ဟင်... ဒါ ဘာစကားလဲ ကမ္ဘာ'

မျက်နှာရှေ့ကျလာသော ဆံပင်လုံးလုံးလေးကို ခါရင်း ပပက မေးတော့ ကမ္ဘာက သူ့ထုံးစံအတိုင်း မထိတထိရယ်သည် ။

'မင်းအလုပ်ကို အနှောင့်အယှက် မဖြစ်အောင် ဆုံးခြတ်လိုက်တာ၊ ကိုယ်က တူးအင်ဝမ်းဆို ကော်ဖီမစ်တောင် မသောက်ဘူး'

'နေဦး... ကမ္ဘာ၊ ပပ ရှင်းပြပါရစေဦး'

‘ဆောရီး… ပပ၊ ကိုယ်က ကိစ္စတစ်ခုကို နှစ်ခါ မဆုံးဖြတ်တတ်ဘူး’

စကားအဆုံးမှာ ပပကို မျက်စိတစ်ဖက် မှိတ်ပြရင်း နဖူးပေါ်တင်ထားသည့် မျက်မှန်ကို ဆွဲချသည် ။

‘ဂွတ်(တ်)လပ်(ခ်)’

‘ကမ္ဘာ’

နှုတ်ဆက်ပြီး ကားထဲဝင်ထိုင်ကာ မောင်းထွက်သည် အထိ ပပက ကမ္ဘာ့ကားကို ငေးနေဆဲ။ ဝမ်းနည်းကြေကွဲရိပ်တွေနှင့် ကျန်ခဲ့သည့် ပပကို နောက်ကြည့်မှန်မှ ကြည့်ရင်း ပြည့်စုံက…

‘သနားစရာကွာ’

‘နှမြောစရာကွ၊ ဒီလောက်လှပြီး ရာထူးရော၊ စည်းစိမ်ရော ဘာမှ ပြောစရာမရှိတာ’

‘ပိုဆိုးတာ စိတ်နာတဲ့ ပုံစံ မပေါက်တာပဲ’

တစ်ယောက်တစ်ပေါက် ဝေဖန်နေသံတွေ ကားထဲမှာ ဆူညံနေပေမဲ့ ကမ္ဘာသစ်ပုံစံက ထိုကိစ္စကို သူနှင့်မဆိုင်သည့်အတိုင်း။ ကားကို အရှိန်ပြင်းပြင်း မောင်းရင်း ကားကက်ဆတ်ကို လှမ်းဖွင့်သည် ။ ထွက်လာသည့် သီချင်းက မိုးမိုးရဲ့ …

‘နင် နောက်ကျရင် နင့်ကိုနမ်းမယ်

ငါနောက်ကျရင် ငါ့ကိုနမ်းပါ’ ဆိုသည့်သီချင်း။

အားလုံးအကြည့်တွေက ကမ္ဘာ့ထံ ရောက်သွားတော့ ကမ္ဘာက ပြုံးသည် ။

‘ငါက သီချင်းထဲကလို နောက်ကျတိုင်း မနမ်းဘူး’

‘ဒါဆို’

‘ဇယားဖြတ်တာ’

ကမ္ဘာသစ် စကားအဆုံးမှာ အားလုံးငြိမ်သွားပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြသည် ။ ဒါ ကမ္ဘာသစ်ရဲ့ စတိုင်ထဲက တစ်ခု။ ဒီနေ့ ကမ္ဘာသစ်နားမှ အနီးဆုံးနေနိုင်ပေမဲ့ မနက်ဖြန် ကမ္ဘာသစ်နဲ့ အဝေးဆုံး ဝေးခဲ့ကြသည့် ချစ်သူတွေ ကမ္ဘာသစ် ကမ္ဘာမှာ မရေတွက်နိုင်အောင် အများကြီး။

***

# အခန်း(၃)

'ဟာ…သွားပြီကွာ၊ ကျစ်'

တသက်ချစ် လက်ထဲက ကြက်ဥတွေရော ဆီဗူးကြီးပါ ပစ်ချလိုက်သည် က စိတ်ပျက်သွား၏။ ထမင်းအိုးအဖုံးကို ဖွင့်ကြည့်လိုက်တော့ ဆန်က ထမင်းအဖြစ် မပြောင်းသေးဘဲ ရေထဲပွစီကြီး ဖြစ်နေ၏။ သေချာအောင် မီးခလုတ်ပြေးဖွင့်ကြည့်တော့ တချောက်ချောက်အသံသာပေးပြီး မီးကတော့ လင်းမလာ။

'အပြစ်တင်ရင်လဲ ခံရတော့မှာ ပဲ ကလေးရေ၊ အကြိုင့်အပြစ်၊ ဟော့ပလိတ်တွေ၊ ရိုက်(စ်)ကွက်ကာတွေ ဝယ်ခဲ့ပြီးကာမှ အကြိုင် ဂက်(စ်)မီးဖိုဝယ်ထည့်ပေးဖို့ မေ့ခဲ့တယ်၊ ရန်ကုန်က မီးခဏခဏ ပျက်တတ်တယ်'

အကြိုင်ပြောတုန်းက ပြဿနာ အဲဒီလောက်ထိကြီးမှန်း တသက်ချစ်မသိ။ အခုတော့ မကန်က ကော်ဖီတစ်ခွက်၊ ပေါင်မုန့်တစ်လုံးသာ မျှော်ချခဲ့သော တသက်ချစ်ရဲ့ အစာအိမ်က အကြီးအကျယ် ဆန္ဒပြနေပြီ။ ရောက်ရောက်ချင်း ပင်ပန်းလွန်း၍ အထုပ်အပိုးတွေတောင် နေရာမချနိုင်ဘဲ ရှိတာလေး စားသောက်ပြီး ထိုးအိပ်ပစ်တာ။ အခု နိုးလာတော့ ညနေသုံးနာရီ။ ရာသီဥတုက ပြင်ဦးလွင်မှာ လို မဟုတ်ဘဲ အိုက်စပ်စပ်ရှိတာကြောင့် ရေအမြန်ဝင်ချိုးပြီး မီးဖိုချောင်ဝင်စမှာ ပဲ ရက်စက်လှသောလျှပ်စစ်မီးက တသက်ချစ်ကို နှုတ်ဆက်လက်ပြသွားခြင်း ဖြစ်သည် ။

'ဟား… ဗိုက်ဆာပါတယ်ဆိုမှ ကွာ'

မီးဖိုခန်းမှ ဧည့်ခန်းဆီ ထွက်လာရင်း ဗိုက်ဆာတာကို မခံနိုင်သလို နှုတ်ကဖွင့်ပြီး ညည်းမိသည် ။ အခန်းထဲမှာ တခြား စားစရာကလဲ မရှိ။ ဝရန်တာကအောက်ကို ငုံ့ကြည့်တော့ တလှုပ်လှုပ်သွားနေသော လူတန်းကြီးကို တွေ့ရသည် ။

'ကလေးအခန်းက အပေါ်ဆုံးဆိုတော့ ဒီမှာ လို့ ထစ်ခနဲရှိ ဆိုင်ကယ်လေး ဆွဲပြီး ဝေါခနဲ အသံပေးထွက်လို့ မရဘူးနော်၊ လိုတာ တစ်ခါတည်း စာရင်းရေး၊ ကိုယ် အောက်ဆင်းတဲ့ အခါ တစ်ခါတည်းဝယ်၊ အကြိုင်ဖြင့် နှစ်ခေါက်လောက်ပဲ အတက်အဆင်းလုပ်တာ လူကို အသက်ထွက်မတတ်ပဲ၊ ဒူးတွေတောင် ချောင်တယ်'

'အဲဒါကြောင့် သမီးကို ဘကျော်ပြောတာပေါ့၊ ကွန်ဒိုအခန်းပဲ ယူဆိုတာ။ ဟိုမှာ က ဓာတ်လှေကားနဲ့ '

'အောင်မယ်… ဘယ်ကွန်ဒိုမှ မပေးဘူး'

တသက်ချစ်တို့ စကားဝိုင်းထဲ မြမေမေ ဝင်ပါလာသောအခါ အကျော်ရောအကြိုင်ပါ ပြောလက်စတွေ ရပ်ကုန်၏။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့် နှုတ်ပိတ်မျက်လွှာချ ငြိမ်သက်သွားသည် အထိ မေမေ့ အရှိန်အဝါက ပြင်းထန်သည် ။ တသက်ချစ် မွေးကင်းစ အရွယ်ကတည်းက ထိန်းကျောင်းလာသူတွေမို့ ဘကျော်နှင့်အကြိုင်ဟာ တသက်ချစ်ဘက်က ရပ်တည်ချင်ကြပေမဲ့ စကားဝိုင်းထဲ မေမေပါလာသည့်အခါ ဘာမှ ဝင်မပြောဘဲ နှုတ်ဆိတ်နကြတာများ သည် ။ ဖေဖေ မရှိတော့ကတည်းက မေမေက ဒီအိမ်ရဲ့ အိမ်ထောင်ဦးစီးနေရာကို ယူခဲ့သူ။

'နေပလေ့စေ၊ မိဘက ငှက်ပျောသီး အခွံနွှာပြီးသား ချကျွေးတာကို လွယ်လွန်းလို့ မစားချင်ပါဘူးဆိုတဲ့ သားသမီးမျိုးကို ဘာမှ အစအဆုံး လု

ပ်ပေးနေစရာမလိုဘူး ကိုကျော်၊ ထားလိုက်၊ ကြိုက်တဲ့ အသီး ဆွတ်ပြီး ကြိုက်သလို စားပလေ့စေ’

မေမေ့စကားက တသက်ချစ်ကို ဦးတည်တာမို့ မေမေ့စကားအဆုံး မှာ တသက်ချစ်မျက်နှာ တစ်ချက်မပျက်ရဘဲ…

‘အလုပ်က သင်မယ်ဆိုတာ မှန်ပါတယ် မေမေ၊ ဒါပေမဲ့ ကိုယ့်လက် အောက်ငယ်သားက ကိုယ့်ကို ပြန်သင်ပေးနေတာမျိုးတော့ တသက်ချစ် သဘောမကျလို့ ပါ’

‘သမီး သဘောကျ ရန်ကုန်ကိုပဲ လွှတ်မယ်၊ ဒီဖိုင်နှာ သင်တန်းလဲ တ က်ခိုင်းမယ်၊ ဒါပေမဲ့ ဘယ်လောက်ပဲ မေမေနဲ့ ဝေးနေဝေးနေ သမီးဘက် က ခြေလှမ်းမှားဖို့ မစဉ်းစားနဲ့ ’

‘သမီး အနာဂတ်အတွက် မေမေ့မှာ အစီအစဉ်တွေ အားလုံးရှိပြီး သားဆိုတာ မမေ့နဲ့ ’

မေမေ့ကို ကတိအထပ်ထပ်ပေးပြီး မေမေ့ အမိန့်တစ်ရပ်နှင့် တသက် ချစ် ရပ်တည်ခွင့်ရတာဆိုပေမဲ့ နေရေးထိုင်ရေးကျတော့ အကြိုင်နဲ့ ဘ ကျော်တို့ ပဲ ဒီကို တစ်ပတ်လောက် ကြိုလာကာ အားလုံး စီစဉ်ပေးကြသ ည် ။ တသက်ချစ် ရန်ကုန်ထွက်သည့်နေမှာ ပဲ မေမေကလဲ အလုပ်ရှိရာ နိုင်ငံရပ်ခြားကို ထွက်တာ ပြိုင်တူ။ တသက်ချစ်အတွက်တော့ မေမေ အ နားမရှိတာ မဆန်းတော့။

‘သမီးအတွက် ဒါတွေ ကြိုးစားနေတာလို့ မေမေ မပြောချင်ဘူး၊ အလိုလို သမီး နားလည်ရမယ်၊ ဒီဘဝမှာ သမီးနဲ့ မေမေနှစ်ယောက် တည်း’

မေမေက သူပြောသည့်အတိုင်း အလုပ်တွေ အများကြီး လုပ်သည် ။

တသက်ချစ်ကိုလည်း မေမေက သူ့လုပ်ငန်းထဲ ပါစေချင်သည် ။ မြန်မာနိုင်ငံမှာ စက်ရုံပေါင်းများ စွာ ထူထောင်ပြီး နိုင်ငံခြားမှ ဒီဇိုင်းအတိုင်း အဝတ်အစားတွေထုတ်ကာ ပြန်တင်ပို့သော လုပ်ငန်းက မေမေပိုင်ဖြစ်သည် ။

'ဒီလုပ်ငန်းက သမီးဖေဖေ အောင်မြင်အောင်ကြိုးစားခဲ့တဲ့ လုပ်ငန်း၊ သူမရှိတော့တဲ့ အချိန်မှာ လဲ အောင်မြင်တိုးတက်နေရမယ်၊ လူတစ်ယောက်ကို သူ ရှိနေတုန်းမှာ ချစ်တယ်လို့ တဖွဖွရွတ်နေမဲ့အစား သူ မရှိတော့တဲ့ အချိန်မှာ သူ့ကိုချစ်တဲ့ အချစ်ကို သက်သေပြနိုင်အောင် ကြိုးစားရမယ်'

မေမေ့ရဲ့ ဒဿနအတိုင်း ဖေဖေ တည်ထောင်ခဲ့သည့် လုပ်ငန်းကို ဒီထက် ပိုအောင်မြင်ချင်လို့ ပါဟု တသက်ချစ်ဆိုလျှင် မေမေ ဘာပြောမည် မသိ။ ဘာပဲဖြစ်ဖြစ် တသက်ချစ်ဆိုတာ မေမေ့သမီး။ မေမေက ဖေဖေ့ကို ချစ်သလို တသက်ချစ်ကလဲ ဖေဖေ့ကိုရော အမေ့ကိုပါ ချစ်သည် ။ ကြိုးစားပြချင်သည် ။ ဒါကြောင့်လည်း ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာနှင့် ဒီနေရာကို ရောက်လာခြင်းဖြစ်သည် ။

'ဂွီ'

ဆာလောင်မွတ်သိပ်မှုကြောင့် ဗိုက်ထဲမှ အကျယ်ကြီး ထအော်သည့် အသံကြောင့် တသက်ချစ်ရဲ့ စိတ်က အတိတ်ဆီခြေရာကောက်ရာမှ ပစ္စုပ္ပန်ဆီ ပြန်ရောက်လာသည် ။ အခုထိ မီးကလည်း အသံတိတ်ဆန္ဒပြဆဲ။ တသက်ချစ် ဧည့်ခန်းထဲ ပြန်ဝင်ရင်း တီဗွီစင်ပေါ်ဖြစ်သလို တင်ထားသည့် ဖုန်းကို ဆွဲယူပြီး နံပါတ်နှိပ်ခေါ်တာက ပြင်ဦးလွင်သို့။

'ဖုန်းတော့ ကိုယ်နဲ့ မကွာ ဆောင်ထားနော် သမီး၊ အရေးအကြောင်းဆို ဒီဖုန်းက အသုံးဝင်တာ သမီး သိလိမ့်မယ်၊ နဂိုကလို အကြိုင်လို့

အောင်ရုံနဲ့ အကြိုင် ပြေးချလာလို့ ရတာ မဟုတ်ဘူး ၊ လာချင်ရင်တောင် အချိန်ပေးရဦးမယ်၊ ရန်ကုန်နဲ့ ပြင်ဦးလွင်က နည်းတဲ့ အကွာအဝေးလား ’

တသက်ချစ်ကို မသွားဖို့ ဘယ်လိုမှ ပြောမရသည့်အဆုံးမှာ အကြိုင်က ညည်းညူသလို၊ တားမြစ်ချင်သလို ပြောခဲ့သော စကားကို ပြန်ကြားတော့ စိတ်ထဲတော့ မကောင်း။ ဒါပေမဲ့ တသက်ချစ်ကလည်း ကိုယ့်ဆုံးဖြတ်ချက်နဲ့ ကိုယ်ဆိုတော့ ကိုယ့်အစီအစဉ်ကို နောက်မဆုတ်တော့။

‘ဟဲလို’

တစ်ဖက်က ဖုန်းထူးသံကြောင့် တသက်ချစ် အတွေးတွေ ပြတ်တောက်သွားသည် ။

‘အိပုံ’

‘ဟယ်... မမချစ်’

‘အကြိုင်ရော’

‘ဆွယ်တာရုံထဲမှာ မမချစ်ရဲ့ ၊ အိပုံ ခေါ်ပေးရမလားဟင်၊ မမချစ် အဆင်ပြေရဲ့ လား၊ ထမင်းရော စားပြီးပြီလား’

‘အေး... ပြေတယ်၊ အကြိုင်ကို ဖုန်းသွားပေးဦး’

‘ဟဲ့... ဘယ်သူလဲ အိပုံ’

‘မမချစ် အကြိုင်ရဲ့ ’

‘ပေး... ပေး၊ ချစ်ရေ... အကြိုင်ပါ’

ဖုန်းနားရောက်လာသော အကြိုင်ထံမှ ဖုန်းခွက်ကို ဆွဲယူသံ၊ ဖုန်းထူးသံ ကြားရ၏။

'အကြိုင်'

'ချစ်... ကလေး၊ အဆင်ပြေရဲ့ လားကွယ်၊ ဒီမှာ အကြိုင် တစ်မနက်လုံး ဖုန်းခေါ်နေတာ၊ လူကြီးမင်းနဲ့ ချည်း တွေ့နေတာနဲ့ စိတ်တွေပူနေတာ'

'ချစ်က ဖုန်းပိတ်ပြီး အိပ်နေလို့ ပါ အကြိုင်'

'သြော်... ဟယ်၊ ဖြစ်ရလေ၊ အခုရော ချစ် ဘာ အဆင်မပြေဖြစ်လို့လဲ၊ ဘာလို့ လို့ လည်း ချစ်'

'မီးပျက်သွားလို့ အကြိုင်'

အရင်းအဖျား မရှိပေမဲ့ အချိန်အဆက်မိသော အကြိုင်က တသက်ချစ် ပြဿနာကို ချက်ချင်းရိပ်မိသည် ။

'ဟယ်... အဲဒါ ဒုက္ခပေါ့'

'အင်းပေါ့... အကြိုင်ရဲ့ ၊ ဒီမှာ ထမင်းအိုးတန်းလန်းကြီး၊ ပြီးတော့ ကြက်ဥကြော်စားမလို့ ကို'

'ဒီအချိန်ထိ ချစ် ထမင်းမစားရသေးဘူးပေါ့၊ အခုပဲ ညနေ စောင်းနေပြီ၊ အစာအိမ်တွေ ဘာတွေ ဖြစ်ကုန်တော့မယ် ချစ်ရယ်။ ချက်ချင်း ပြေးလာလို့ ရတဲ့ ခရီးဆို အကြိုင်ပြေးလာပါရဲ့ ကွယ်'

အကြိုင့်နှုတ်ဖျားက တသက်ချစ်အတွက် ပူပူပင်ပင် စကားတွေ တရစပ်ထွက်ကျလာတော့ တသက်ချစ်စိတ်ထဲ နည်းနည်းတော့ သက်သာရာ ရသွားသလို ထင်မိသည် ။

'ရောက်ရောက်ချင်း ချစ်က ဘာမှ မလုပ်နိုင်ဘဲ အိပ်ပျော်သွားလို့ ပါ အကြိုင်ရယ်၊ အဲဒါ ဘာလုပ်ရင် ကောင်းမလဲလို့ အကြိုင့်ဆီ ချစ်က ဖုန်း

လှမ်းဆက်တာ၊ အောက်လဲ မဆင်းချင်ဘူး၊ အမြင့်ကြီးကို’

‘ခက်တာပဲကွယ်’

အကြိုင့်ထဲမှ သက်ပြင်းချသံ ကြားရသည် ။ ဒီလောက်ဆို တသက်ချစ်အတွက် အကြိုင် ဘယ်လောက်စိတ်ပူနေပြီ မသိ။

‘ဆင်းလဲ ဘယ်နားဘာရှိလဲ ချစ်မှ မသိတာ’

‘ဒါလဲ ဟုတ်တာပဲ’

‘ပြီးတော့ ချစ်တစ်ယောက်တည်း ဆိုင်မှာ လဲ ထိုင်မစားရဲဘူး’

‘အေး… အေး၊ အကြိုင် သိပြီ၊ ဒီလိုလုပ် သမီး’

‘ဘယ်လိုလုပ်ရမှာ လဲဟင်’

အကြိုင့်အသံကြောင့် တသက်ချစ် အားတက်သွားသည် ။

‘ချစ်နဲ့ မျက်နှာချင်းဆိုင် အခန်းမှာ အဒေါ်ကြီး တစ်ယောက်ရှိတယ်’

‘မျက်နှာချင်းဆိုင်မှာ ’

တသက်ချစ် ပြန်မေးပြီး တံခါးဖွင့်ကြည့်တော့ တသက်ချစ်ရဲ့ အရှေ့ခန်းမှာ သံပန်းပိတ်ထားပြီး အတွင်းက တံခါးဟစိလေး လုပ်ထားတာတွေ့ရသည် ။

‘အေး… သူ့ကိုမေး၊ သူက အဲဒီအခန်းက အဖော်ခေါ်ထားတာ၊ အကြိုင် ပြောခဲ့တုန်းက သူ ကူညီမယ်တဲ့ ၊ အကြိုင်နာမည်ကို ပြောပြီး မိတ်ဖွဲ့လိုက်၊ သူ့နာမည်က ဒေါ်အေးရီတဲ့ ၊ ပြီးရင် ကိုယ်လိုတာ ဝယ်ခိုင်း၊ ပတ်ဝန်းကျင်လဲ စုံစမ်းရင်းပေါ့’

‘ကျေးဇူးပဲ အကြိုင်’

အကြိုင် အကြံပေးချက်က အဖိုးတန်သလို ထိုအကြံအား သယ်ဆောင်လာပေးသော ဆက်သွယ်ရေး ကိရိယာလေးကလဲ အဖိုးတန်ပါသည် ။ တသက်ချစ်လက်ထဲက ပန်းနုရောင် Nokia ဖုန်းလေးကို အာဘွားတစ်ချက်ပေးပြီး သူမ၏ ခြေဦးတည်ရာက ရှေ့ခန်းမှ ရှိနေသည် ဆိုသော ဒေါ်အေးရီထံသို့ ဖြစ်သည် ။

ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်၊ နွယ်တစ်ပင်လဲ အသက်ကယ်ဆေးပင်။ တသက်ချစ်အတွက် ဒေါ်အေးရီက အစာအိမ်ရဲ့ ကယ်တင်ရှင် ...။

***

## အခန်း(၄)

‘ဒါဖြင့် မင်းက ငါ့ကို လက်ထပ်ဖို့ အထိ မရည်ရွယ်ပဲ…’

တံခါးဝ၌ တပ်ထားသော ဘဲ(လ်)ကို နှိပ်ရန် တသက်ချစ်ရဲ့ လက်ကလေးကို အလှမ်း… အထဲက စူးခနဲ ထွက်လာသည့်အသံကြောင့် တသက်ချစ်ရဲ့ လက်ကလေး လေထဲ၌ တန့်သွားသည် ။ ဘုရားရေ… ဒါ ရန်ဖြစ်နေကြတာလား။ လူမှုရေး စည်းကမ်းအရ ခိုးနားမထောင်သင့်တာ တသက်ချစ် သိပေမဲ့ စကားသံတို့ က သူ့အလိုလို တသက်ချစ်နားထဲ စီးမျော ဝင်ရောက်လာတာတော့ မတတ်နိုင်။

‘ရှင်က ကိုယ့်ကိုယ်ကို အရမ်းအထင်ကြီးတာပဲကိုး၊ ရှင်နဲ့ ကျွန်မ ပတ်သက်မှုက အဲဒီလောက်အထိ ကြီးကျယ်ခဲ့သလား’

ထွက်ပေါ်လာသော အမျိုးသမီးအသံက အေးအေးဆေးဆေးပင်။

‘ဟော့… ဒါပေမဲ့ မင်းနဲ့ ကိုယ်က ချစ်သူတွေလေ’

‘အဲဒီချစ်သူဆိုတာကရော ကျောခိုင်းပစ်ရင် ပြီးသွားတာပဲ မဟုတ်လား၊ အပျော်တွဲခဲ့ကြတာ မဟုတ်ပေမဲ့ မပျော်တဲ့ အခါ လက်တွဲဖြုတ်ကြတာ ဘာမှ မဆန်းပါဘူး’

‘ဘာကွ’

‘မင်းကွာ… လျှာရိုးမရှိတိုင်း အမျိုးမျိုးပြောနေပါလား’

မခံချိမခံသာ ထွက်ပေါ်လာသည့် ယောက်ျားသံက ဒေါသနှင့်တုန်နေ၏။

'အပွန်း… ပြောသမျှ ယုံနေတာ ရှင့်အမှား၊ ဒီအိမ်လိပ်စာတောင် မပေးဘူးတဲ့ မိန်းမတစ်ယောက်က ရှင့်ကို လက်ထပ်မယ်လို့ တွေးထားရဲတာကိုက ရယ်စရာ'

အေးစက်စက် မိန်းကလေး၏ စကားသံက ဘယ်လိုပါလိမ့်။ တသက်ချစ် ကြားရသမျှ စကားတွေ ပြောင်းပြန်။ တသက်ချစ် ကြားဖူးသမျှ ပြဿနာတိုင်းမှာ ယောက်ျားလေးကပင် လက်မထပ်ချင်၍ မိန်းကလေးဘက်မှ ဒုက္ခရောက်ရတာမျိုးပါ။ အခုဟာကတော့ တစ်မျိုး၊ တသက်ချစ် အတွေး မဆုံးသေးခင် အထဲမှ ပုဂ္ဂိုလ်က ရှူးရှူးရှဲရှဲနှင့် ထွက်လာတော့ အပေါက်ဝ၌ ရပ်နေသည့် တသက်ချစ်နှင့် ပက်ပင်းတိုးသည် ဒေါသနှင့်မို့ တသက်ချစ်ကို ဝင်မတိုက်မိစရေန် မနည်းရှောင်ရှားပေးလိုက်၏။ ထိုလူ ဆင်းသွားရာ လှေခါးအဆုံးအထိ တသက်ချစ် အထူးအဆန်းတစ်ခုလို လည်ပင်းလိမ်လိုက်ငေးစဉ်…

'ဟိတ်… ယူက'

နောက်က အသံထွက်လာ၍ တသက်ချစ် ဆတ်ခနဲ ပြန်လှည့်ရင်း…

'ချစ်က… ဟိုအခန်း…ဟင်'

တသက်ချစ် စကားမဆုံးလိုက်ရ။ အလွတ်မှတ်မိလွယ်သော မျက်နှာ ။ ဆတ်ခနဲ ပြုံးရင်း ခေါင်းညိတ်ပြတော့ လက်ခနဲခါသည့် နားကွင်းအရောင်အောက်မှာ …

'ခ… ရမ်း…ရင့်'

'အစစ်ပေ့ါ… တသက်ချစ်ရဲ့ '

‘ချစ်နာမည်ကို’

‘မှတ်မိတယ်၊ တသက်ချစ် ဒီရောက်လာတာလဲ သိတယ်၊ တို့ ကို ရင့်လို့ ခေါ်ပါ’

‘ချစ်ကိုလည်း ချစ်လို့ ခေါ်ပါ ရင့်’

‘အိုကေ’

တသက်ချစ်က ခရမ်းရင့်ကို မြင်လိုက်ရတာကိုပဲ အားရှိသွားသလို ဝမ်းသာအားရ ခေါင်းညိတ်လက်ခံရင်း အင်္ကျီဘေးအိတ်လေးထဲ လက်စုံနှိုက်ကာ…

‘ဒီနေရာ ရှင် ရှိနေမယ်လို့ ထင်တောင်မထင်ဘူး’

‘ပြန်ဆုံမယ်ဆိုတာ ရင့်က သိပြီးသား’

‘ဟင်… တကယ်’

‘သိပ်လဲ အထင်ကြီးမသွားနဲ့ ဦး’

တသက်ချစ်ရဲ့ မျက်လုံးပြူးမေးပုံကို ခရမ်းရင့်ကဖြေရင်း ခေါင်းမော့ရယ်သည် ။ စတွေ့ကတည်းက တသက်ချစ်ဆိုတာလေး အရိုးခံပုံစံလေးမို့ တသက်ချစ်ကို ခရမ်းရင့် ကူညီဖြစ်သည် ။ အခုလည်း တသက်ချစ်က အိမ်နေရင်း အတွန့်အဖက်တွေပါသော ချည်ထည်အင်္ကျီနှင့် ဆင်တူဘောင်းဘီက ဒူးကျအပြာဖျော့။မျက်ခုံးအထိ ရှေ့ဆံပင်တွေကို ချထားပြီး ကျောလယ်လောက် ဆံပင်အား နှစ်ဖက်ခွဲစည်းထားတဲ့ ပုံစံက ကလေးဆန်ဆန်၊ ခရမ်းရင့်က တသက်ချစ်ကို ခေါင်းဖျားခြေဖျားထိ စုန်ဆန်ကြည့်ရင်း ပြုံးရိပ်ထင်သော မျက်နှာနှင့်…

‘ကားဗှားတော့ ချစ် လမ်းနာမည်ပြောကတည်းက သိပြီးသား၊ ရင့်တို့

လမ်းထဲ ရောက်လာမယ်ဆိုတာ၊ တက္ကစီ ဒီအောက်ရပ်ပြီး ချစ် ရှေ့ခန်းဝင်မှ ပိုသေချာသွားတာ၊ ရင့် မေးခဲ့သားပဲ၊ လိုက်ခဲ့မလား၊ လမ်းကြုံတယ်လို့ '

'အဲဒီတုန်းက ရင် ဒီတိုက်မှာ နေတယ်လို့ မိတ်ဖွဲ့ရင် ချစ်က လိုက်မှာပေါ့၊ ချစ်မှ မသိဘဲ၊ ပြီးတော့ ရင့်ပုံစံက ကြီးကျယ်သလိုလို'

တသက်ချစ်ထံမှ အပြစ်တင်သံ၊ မျက်စောင်းရှယ်ပုံ၊ နှုတ်ခမ်းထော်ပုံကအစ ချစ်စရာကောင်းလွန်း၍ ခရမ်းရင့် သဘောကျစွာ ရယ်လိုက်၏။

'အဟင်း... ထင်လို့ ပါ၊ လာလေ... အိမ်ထဲဝင်'

ရင့် ဖိတ်ခေါ်မှုကို တသက်ချစ်က မငြင်းဘဲ အိမ်ထဲ ဝင်လိုက်၏။

'ဝါး... မိုက်လှချည်လား၊ ဆိုဖာရော၊ အဲယားကွန်းရော'

'ထိုင်ဦး'

'ချစ်အိမ်မှာ ဒါတွေ မပါဘူးလား'

'No ပဲ၊ တကယ့် ပလိန်းကြီး'

'ကဲ...ဆို၊ ရင့်အခန်းရှေ့ ဘာကိစ္စရောက်နေရတာလဲ'

ထိုင်လို့ ပြောတုန်းက မထိုင်တဲ့ တသက်ချစ်က အခုမှ ဆိုဖာပေါ် ဝုန်းခနဲ ပစ်ထိုင်ကာ...

'ချစ် ဒေါ်အေးရီကို လာရှာတာ'

'ဒေါ်... အေး... ရီ'

ခရမ်းရင့်က တသက်ချစ် ပြောတာကို လိုက်ရွတ်ရင်း တသက်ချစ်မျက်နှာကို နားမလည်သလို ကြည့်သည် ။

‘ဒေါ်အေးရီက ရင့်အိမ်မှာ နေတာ မဟုတ်လား’

‘နေတယ်၊ ဒါပေမဲ့ ချစ်နဲ့ ဒေါ်အေးရီက ဘယ်လိုသိတာလဲ’

‘ချစ်နဲ့ မသိပါဘူး’

‘မသိဘူး… ဟုတ်လား’

‘အင်း’

တသက်ချစ်က မျက်မှန်ကို လက်မ လက်ညှိုးညှပ်ပင့်တင်ရင်း

‘သူက အကြိုင့်ကို သိတယ်တဲ့ ’

‘အကြိုင်… သူကဘယ်သူလဲ’

‘သြော်… သိပြီ၊ ချစ်အခန်းကို လာပြင်တင်ပေးတဲ့ အန်တီကြီးကို ပြောတာမဟုတ်လား’

‘ဟုတ်တယ်’

‘အကြိုင်က လိုတဲ့ အကူအညီရှိရင် ဒေါ်အေးရီဆီ တောင်းပါဆိုပြီး ချစ်ကိုပြောလို့ ’

‘သြော်… ဟုတ်ပြီ၊ သဘောပေါက်ပြီ’

‘အခုအချိန်ကစပြီး ရင့်ကိုပဲ ဒေါ်အေးရီ သဘောထားတော့’

ခရမ်းရင့်က တသက်ချစ် မျက်နှာလှလှလေးကို ခပ်တည်တည်လေး ကြည့်ပြီး ပြန်ပြောတော့ တသက်ချစ် အံ့သြသွားသည် ။

‘ဒေါ်အေးရီက ဘယ်ရောက်သွားလို့ လဲဟင်’

‘ရွာပြန်သွားတာ သုံးရက်လောက်ရှိပြီ’

‘အယ်… ဒုက္ခပဲ’

'မဒုက္ခနဲ့၊ ရင့် ကူညီမယ်၊ ဘာလဲပြော'

ခရမ်းရင့်က တသက်ချစ်နား လာကပ်ထိုင်ရုံသာမက ပခုံးချင်းပါ ပစ်တိုက်တော့ တသက်ချစ်ကိုယ်လေး ယိုင်ထွက်သွားသည် ။ တသက်ချစ်က ပခုံးချိတ် ပိုးပျော့ဂါဝန်နို့နှစ်ရောင်ရှည်ကြီးနဲ့ ခရမ်းရင့်စကားကို မယုံနိုင်သလို ကြည့်ရင်း သူမ လာရင်းကိစ္စပြောဖို့ အခက်တွေ့သွား၏။

'မဟုတ်သေးပါဘူးဟယ်'

'ဩော်… ဟုတ်ပါတယ်ဆို၊ မယုံရင် ချစ် အခု အကူအညီတောင်းကြည့်လေ'

ခရမ်းရင့် မျက်နှာက ခပ်ပြုံးပြုံး။ တသက်ချစ် မိုက်ဆာတာကို ဘယ်လိုပြောရပဲ့ါဟု စဉ်းစားရင်းကပဲ အမှန်အတိုင်း ဝန်ခံဖို့ ဆုံးဖြတ်လိုက်၏ ။

'ဟို… ချစ် မိုက်ဆာလို့၊ အဲဒါ'

'ဟုတ်ပြီ… လာ'

တသက်ချစ် စကားတောင် မဆုံးလိုက်ရ။ ခရမ်းရင့်က တသက်ချစ်လက်ကိုဆွဲပြီး ထမင်းစားခန်းကို ခေါ်သွား၏။ စားပွဲပေါ်မှာ အိတ်တောင်မဖွင့်ရသေးသော ဖော့ဘူးတွေက အစီအရီ။

'ဟောဒါက ပရှူးထမင်းကြော်၊ ဒါက ဘဲကင်၊ ဒါက အစိမ်းကြော်၊ ကြာဇံကြော်၊ ဒီမှာ  တုန်ယမ်းဟင်းချို၊ ရင့်နဲ့ အတူ တခါထဲ ဝင်စား'

'တကယ်နော်'

'ဩော်… တကယ်ပါဆို'

ခရမ်းရင့်က တသက်ချစ်ကိုလည်း ကျွေးဖို့ ပြင်ဆင်သလို သူမကိုယ်

တိုင်လည်း တသက်ချစ်နဲ့ အတူ ဝင်စားသည် ။ တသက်ချစ်က ဘဲပေါင်းတွေ၊ ကြာဇံကြော်တွေကို ဗိုက်ဆာဆာနှင့် စားရင်း မေးခွန်းက ထုတ်သည် ။

'ဒါတွေက ရင့် ဘယ်ကဝယ်တာလဲဟင်'

တသက်ချစ်အမေးကို ခရမ်းရင့် ခေါင်းခါရင်း...

'စောစောက ပုဂ္ဂိုလ်ကောင်းမှုလေ၊ သူ ဝယ်လာတာ၊ ကဲ... စားသာစားပါ၊ နောက်တော့ ရင့်အကြောင်း ချစ်အကုန်သိရမှာ '

ဆက်မေးရန်ပြင်သော တသက်ချစ် ပါးစပ်မှာ ခရမ်းရင့်ထံမှ ထိုတစ်ခွန်းတည်းနဲ့ ပိတ်သွားသည် ။ ဘယ်လို ရေစက်ပါလေသလဲတော့ မသိ။ ခရမ်းရင့်ကတော့ အခုမြင် အခုတွေ့ပေမဲ့ တသက်ချစ်ကို တကယ့် ငယ်ပေါင်းကြီးဖော်လို ခံစားချက်မျိုးနှင့် ပြောဆိုဆက်ဆံနေပုံက တရင်းတနှီး။

ခရမ်းရင့်မျက်နှာလေးကို တသက်ချစ် မော့အကြည့်မှာ ရင့်နှင့် အကြည့်ချင်းဆုံးသွားတော့ ရင့်က တသက်ချစ်ကို နှစ်လိုစဖွယ် ပြုံးပြရင်း...

'ရော့... ဘဲကင်တွေထည့်စား'

ခရမ်းရင့်က ပါးစပ်ကလည်း ပြော၊ လက်ကလည်း တသက်ချစ် ပန်းကန်ထဲ ဘဲကင်တွေ ထည့်ပေးသည် ။

'ချစ်... ကြားဖူးလား'

'ဘာကိုလဲဟင်'

'အလှူ့လက်ဖက်နဲ့ မျက်နှာလုပ်တယ်ဆိုတာလေ'

'ရင့်ရယ်'

နှစ်ယောက်အတူ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး တခစ်ခစ် ရယ်လိုက်ကြသည် ။

***